# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

February 25, 2020 | Volume 28, Number 16


| ၂၅.၂.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၅၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၄၈/- ကျပ် |
| CBM Rate | = ၁၄၄၆.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၇၁.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၃၄.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၇.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၅၅.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၆.၁၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၁၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၉.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၁.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၅.၆၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## BIMSTEC ပူးပေါင်းဆောင်ရွက်မှုအတွက် အလံအသစ်နှင့် Logo အသစ်သတ်မှတ်ရန် ဒီဇိုင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်ခေါ်ယူခြင်း




မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် BIMSTEC (Bay of Bengal Initiative of Multi-Pectoral Technical and Economic Cooperation) ပူးပေါင်းဆောင်ရွက်မှုအတွက် အလံအသစ်နှင့် Logo အသစ်သတ်မှတ်ရန် ဒီဇိုင်းပြိုင်ပွဲကို အိန္ဒိယနိုင်ငံမှဦးဆောင်၍ ပြုလုပ်သွားရန်ရှိပါသဖြင့် ဒီဇိုင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

စိတ်ပါဝင်စားသူများ ပါဝင်ယှဉ်ပြိုင်လိုပါက ပါဝင်ယှဉ်ပြိုင်မည့်သူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ ဆုရွေးချယ်ခံရပါက ပြိုင်ပွဲဝင်/အဖွဲ့အား ဆုငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကာလသည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်နေ့အထိဖြစ်ပြီး ပြိုင်ပွဲဝင်သူများသည် ဘင်းစတက်အလံနှင့် Logo ဒီဇိုင်းအား ပြည့်စုံစွာဖြည့်စွက်ထားသည့် ပြိုင်ပွဲလျှောက်လွှာ၊ ကိုယ်ရေးမှတ်တမ်း၊ ယှဉ်ပြိုင်မည့် ဒီဇိုင်းနှင့်စပ်လျဉ်းသည့် အင်္ဂလိပ်ဘာသာဖြင့် စာလုံးရေ ၁၅၀ နှင့် ၃၀၀ ကြား ရေးသားထားသည့် ရှင်းလင်းချက်တို့နှင့် တစ်ကွ ပူးတွဲ၍ bimsteclogomyn@gmail.com သို့ ပေးပို့ပြီး bimsteclogo@gmail.com သို့ မိတ္တူပေးပို့ရမည်။

ပြိုင်ပွဲဝင်ဒီဇိုင်းများသည် အခြားသူများ၏ ဒီဇိုင်းမူပိုင်ခွင့်ကို ထိပါးခြင်းမရှိစေဘဲ ကိုယ်ပိုင်ဖန်တီးမှု ဒီဇိုင်းများသာဖြစ်ရမည်၊ ပြိုင်ပွဲဝင်များသည် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦး/တစ်ဖွဲ့သည် ဒီဇိုင်း (၂) ခု တင်သွင်းခွင့်ရှိသည်။ တင်သွင်းမည့် Font အားလုံးကို

outlines သို့ ပြောင်းနိုင်ရန်နှင့် sport colours or RGBN colours အား CMYK သို့ ပြောင်းလဲ၍တင်သွင်းရမည်။ File Type အမျိုးအစား (jpg ၊ pdf/png) သာ လက်ခံမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဒီဇိုင်းသည် အနည်းဆုံး ၂ လက်မရှည်လျားရန်လိုအပ်ပြီး resoulution အနည်းဆုံး 300 pixels ရှိရမည်။

နောက်ဆုံးအဆင့် ရွေးချယ်ခံရသည့်ဒီဇိုင်းမှာ ဘင်းစတက်အတွင်းရေးမှူးချုပ်ရုံးမှ မူပိုင်ခွင့်ရရှိမည်ဖြစ်ပြီး ဒီဇိုင်း ဖန်တီးသူအနေဖြင့် မူပိုင်ခွင့်ရရှိမည်မဟုတ်ပါ။ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် ဘင်းစတက်အတွင်းရေးမှူးချုပ်ရုံးမှ ဆုရရှိသည့် ဘင်းစတက်အလံနှင့် logo အား သင့်လျော်ရာပုံစံဖြင့် သုံးစွဲပိုင်ခွင့်ရှိသည်။

မိုငြမ်းနိုင်ရန် BIMSTEC ဆိုင်ရာ အချက်အလက်များကို www.bimstec.org တွင် လေ့လာနိုင်ပါသည်။ ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် လျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များအား http://bimstec.org/? page_id=2600 တွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ရယူနိုင်ပါသည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသောအချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Source: Myantrade – TIR**

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ပျံသန်းမည့် လေကြောင်းခရီးစဉ်များကို တားဆီးမှုပြုလုပ်ခြင်း မရှိသေးသော်လည်း ယခင်က တရုတ်လေကြောင်းလိုင်း ၁၅ ခုက ခရီးစဉ်ပျံသန်းခဲ့ရာမှ လက်ရှိတွင် လေကြောင်းလိုင်းခြောက်ခုသာပျံသန်းမှုရှိနေ




ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပျံသန်းမည့် လေကြောင်းခရီးစဉ်များကို တားဆီးကန့်သတ်မှုပြုလုပ်ခြင်းမရှိသေးသော်လည်း ယခင်က တရုတ်လေကြောင်းလိုင်း ၁၅ ခုက ခရီးစဉ်ပျံသန်းခဲ့ရာမှ လက်ရှိတွင် လေကြောင်းလိုင်းခြောက်ခုသာ ပျံသန်းမှုရှိနေကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှသတင်းရရှိသည်။ “အဓိကကတော့ မြန်မာနိုင်ငံကို ခရီးစဉ် ချိတ်ဆက်ပ ျံသန်းနေတဲ့ နိုင်ငံတကာ လေကြောင်းလိုင်းတွေအနေနဲ့ လေယာဉ်ပေါ်မှာ ခရီးသည်တွေကို Health Declaration Form ကို အပြီးအစီး ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်စေဖို့ ညွှန်ကြားမှုတွေပြုလုပ်ထားပါတယ်။ အဓိကကတော့ မြန်မာနိုင်ငံက ICAO ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် WHO နဲ့ ICAO က ညွှန်ကြားမှုတွေအတိုင်း ဆောင်ရွက်စေပါတယ်။ လက်ရှိအထိတော့ တရုတ်လေကြောင်းလိုင်းတွေကို တားဆီးကန့်သတ်တာမျိုးမရှိသေးပေမဲ့ ရောဂါဖြစ်ပွားမှုမရှိခင်က တရုတ်လေကြောင်းလိုင်း ၁၅ ခုအထိ ပျံသန်းနေရာကနေ အခုလက်ရှိတော့ ခြောက်လိုင်းပဲ ပျံသန်းနေပါတယ်” ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှတာဝန်ရှိသူက ပြောကြားသည်။

လေကြောင်းခရီးသွားလာမှုများမှ တစ်ဆင့် COVID-19 မြန်မာနိုင်ငံတွင်းသို့ ကူးစက်ဝင်ရောက်မှုမရှိစေရန် WHO နှင့် ICAO ၏ ညွှန်ကြားချက်များအတိုင်း နိုင်ငံတကာခရီးစဉ်ပျံသန်းသည့် လေကြောင်းလိုင်းများနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် ပြည်တွင်းလေဆိပ်များ၌ ကူးစက်မြန် ကိုရိုနာရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များအား WHO နှင့် ICAO ၏ ညွှန်ကြားချက်များအတိုင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ လက်ရှိတရုတ်နိုင်ငံ ဝူဟန်မြို့တွင်ဖြစ်ပွားလျက်ရှိသည့် ကူးစက်မြန်ကိုရိုနာဗိုင်း ရပ်စ်ရောဂါ မြန်မာပြည်တွင်းသို့ရောက်ရှိလာပြီး အများပြည်သူကူးစက်ခြင်းမှကာကွယ်နိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တရုတ်နိုင်ငံသို့ ပျံသန်းနေသည့် ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း MNA နှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်း MAI ၏ စင်းလုံးငှားခရီးစဉ်များအား ရပ်နားထားရန် ထုတ်ပြန်ထားကြောင်းသတင်းရရှိသည်။ ယင်းအပြင် ICAO မှ Electronic Bulletin မှထုတ်ပြန်ကာ အဖွဲ့ဝင်နိုင်ငံများသို့ဖြန့်ဝေထားပြီး လေကြောင်းဦးစီးဌာနအနေဖြင့် မိမိနိုင်ငံအတွင်းသို့ ပျံသန်းနေသည့်လေယာဉ်ပေါ်တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ သံသယဖြစ်ဖွယ်ခရီးသည်ပါလာပါက လေယာဉ်မှူးအနေဖြင့် Air Traffic Control Tower သို့ ကြိုတင်အကြောင်းကြားထားရှိရန် ပြည်တွင်းပြည်ပပြေးဆွဲနေသည့် လေကြောင်းလိုင်းများအား NOTOM ထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံ ဝူဟန်မြို့မှ အစပြုလျက် ကူးစက်ပျံ့ပွားနေသည့် ရောဂါပိုးအသစ် Novel Corona Virus လက်ရှိဖြစ်ပွားနေသောအခြေအနေကိုထိန်းချုပ်ရာတွင် အထောက်အကူပြုရန်နှင့် အာဏာပိုင်များ၏လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းသည် တရုတ်နိုင်ငံသို့ ပျံသန်းနေသည့် စင်းလုံးငှားခရီးစဉ်များအားလုံးကို ၂၀၂၀ ဇန်နဝါရီ ၃၁ ရက်မှစတင်ကာ နောက်ထပ်မထုတ်ပြန်မီအထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်။ ယင်းပြင် ဟောင်ကောင်နှင့်ထိုင်ဝမ်လေကြောင်းလိုင်းများမှအပ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တရုတ်နိုင်ငံရှိမြို့များသို့ ချိတ်ဆက်ပျံသန်းနေသည့် လေကြောင်းခရီးစဉ်အများစုကိုရပ်ဆိုင်းထားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သိရသည်။ ယခင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တရုတ်နိုင်ငံအကြား လေကြောင်းခရီးစဉ်ချိတ်ဆက်ပျံသန်းမှု ပြုလုပ်နေသည့် လေကြောင်းလိုင်း ၁၅ လိုင်းအထိရှိရာမှ လက်ရှိအချိန်တွင် လေကြောင်းလိုင်းခြောက်လိုင်းသာ ခရီးစဉ်ချိတ်ဆက်ပျံသန်းမှုပြုလုပ်နေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/161063

## COVID – 19 ကြောင့်တုံ့ဆိုင်းခဲ့သော မြန်မာ-တရုတ်ကုန်သွယ်ရေး ပုံမှန်အခြေအနေ၏ ထက်ဝက်ခန့် ပြန်လည်ရောက်



COVID – 19 ကြောင့် တစ်လခန့်တုံ့ဆိုင်းခဲ့သော မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ဖေဖော်ဝါရီ ၂၀ ရက် နောက်ပိုင်းကစတင်ပြီး တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းခန့် ကုန်သွယ်မှုပြန်လည်လုပ်ကိုင်လာနိုင်ကြောင်း မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ညွှန်ကြားရေးမှူးဦးနန္ဒကပြောသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း လေးခုတွင် ကုန်သွယ်မှု ၈၀ ရာခိုင်နှုန်းကျော်ပြုလုပ်နေသော မူဆယ်-ရွှေလီကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်သွယ်မှုတန်ဖိုးသည် ပုံမှန်အခြေအနေ၏ထက်ဝက်ခန့်သို့ ပြန်လည်ရောက်ရှိလာပြီဟု ၎င်းကဆိုသည်။ "ကျန်းမာရေးစစ်ဆေးမှုကတော့နှစ်ဖက် နယ်စပ်ဂိတ်တွေမှာတော့ တင်းကျပ်ထားတုန်းပါ" ဟု ဦးနန္ဒကပြောသည်။

တရုတ်နှစ်သစ်ကူးပိတ်ရက် နှင့် COVID – 19 ကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သုံးပတ်အတွင်းကုန်သွယ်မှုတန်ဖိုးကန်ဒေါ်လာသန်း ၂၀၀ ကျော်လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားထားသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန် ပိုက်တီးနှင့် လွယ်ဂျယ်တို့မှ ပို့ကုန် ဒေါ်လာသန်း ၁၅၀ နှင့် သွင်းကုန် ဒေါ်လာ သန်း ၅၀ ကျော်လျော့နည်းခြင်းဖြစ်သည်။ မြန်မာ- တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ပုံမှန်အခြေအနေတွင် တစ်ရက်လျှင်ကုန်သွယ်မှုတန်ဖိုးဒေါ်လာ ၁၀ သန်းခန့်ရှိကြောင်း ဦးနန္ဒကပြောသည်။ အဆိုပါကုန်သွယ်မှုတန်ဖိုးတွင် သဘာဝဓာတ်ငွေ့ တရုတ်နိုင်ငံသို့ ရောင်းချမှုတန်ဖိုးမပါဝင်ပေ။ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုပါဝင်လျှင် ကုန်သွယ်မှုတန်ဖိုး တစ်ရက်လျှင် ဒေါ်လာ ၁၅ သန်း ကျော်ရှိနေသည်။

လက်ရှိတွင် မူဆယ်နယ်စပ်သို့ မြန်မာနိုင်ငံမှ ဖရဲ၊ သခွားယာဉ် အစီးရေ ၂၀၀ ခန့်ဝင်လာပြီးအခြားသော ဆန်၊ ပြောင်းဖူးစေ့၊ ပဲမျိုးစုံအပါအဝင် ကုန်စည်အချို့လည်းဝင်လာကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။

တရုတ်နိုင်ငံမှ ဓာတ်မြေသြဇာအပါအဝင် စိုက်ပျိုးရေးသုံးပစ္စည်းများ၊ အထည်အလိပ်အချို့နှင့် လူသုံးကုန်များ ပြန်လည်ဝင်ရောက်လာကြောင်း ၎င်းတို့ကပြောသည်။ တရုတ်နိုင်ငံမှ သွင်းကုန်အများစုသည် စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာများဖြစ်သည်။ လက်ရှိပြည်တွင်းမှ မူဆယ်သို့ တစ်ရက်လျှင်ကုန်တင်ယာဉ် အစီးရေ ၃၀၀ မှ ၃၅၀ အကြားဝင်လာပြီး မူဆယ်မြို့မှ ပြည်တွင်းသို့ အစီးရေက ၂၅၀ ခန့်ရှိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း မူဆယ်ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကဆိုသည်။ ယခုကဲ့သို့ပွင့်လင်းရာသီ၌ ကုန်သွယ်ရေး ပုံမှန်ရှိနေချိန်တွင် မူဆယ်သို့ကုန်တင်ယာဉ်အတက်အဆင်း အစီးရေ ၈၀၀ မှ ၁၀၀၀ အကြားရှိကြောင်း ၎င်းကပြောသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပြန်လည်အားယူလာချိန်တွင် မူဆယ်မှမန္တလေးသို့ ကုန်စည်ပို့ဆောင်ခသည် တစ်တန်လျှင် ကျပ်လေးသောင်းခွဲခန့်ဈေးဖွင့်ပြီး မန္တလေးမှမူဆယ်သို့ ကျပ်သုံးသောင်းခွဲခန့်ဈေးဖွင့်သည်။

**Source:** https://7day.news/detail?id=179696

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးကန်များနှင့်မွေးမြူရေးကဏ္ဍကို ပြန်လည်စိစစ်နေပြီး သားငါးကဏ္ဍတွင် ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ပေးမည့်လုပ်ငန်းများအတွက်မြေကို အခြားနည်းလမ်းဖြင့် အသုံးပြုခွင့်ရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ်ပြောကြား



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငါးကန်များနှင့် မွေးမြူရေးကဏ္ဍကို ပြန်လည်စိစစ်နေပြီး သားငါးကဏ္ဍတွင် ပြည်တွင်းနှင့်နိုင်ငံတကာဈေးကွက်သို့ ပို့ကုန်မြှင့်တင်ရေး ဆောင်ရွက်ပေးမည့်လုပ်ငန်းများအတွက်မြေကို အခြားနည်းလမ်းဖြင့် အသုံးပြုခွင့်ရရှိရေး စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။ "မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်ပြီး မြေရရှိမှုခက်ခဲနေတာကို ကျွန်တော်တို့ တိုင်းဒေသကြီး အတွင်းမှာ တင်ပြထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ငါးကန်များနဲ့ မွေးမြူရေးကဏ္ဍနယ်ပယ်ကို ပြန်ပြီး စိစစ်နေပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနတွေကနေ ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေ ရှိပါတယ်။ ငါးမွေးမြူရေးအတွက် လိုက်နာကျင့်သုံးရမယ့် အလေ့အကျင့်ကောင်းတွေဆောင်ရွက်မယ်နည်းပညာနဲ့ ဆောင်ရွက်မယ်ဆိုရင် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ စီးပွားရေးကဏ္ဍနယ်ပယ်တွေအတွက် မြေရရှိရေးဆောင်ရွက်ပေးဖို့ ရှိပါတယ်။ သားငါးနဲ့ပတ်သက်ပြီးတော့ ပြည်တွင်းဈေးကွက်မှာရော နိုင်ငံတကာဈေးကွက်မှာရော ပို့ကုန်ကိုမြှင့်တင်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးမှာ လာရောက်ဆောင်ရွက်မယ်ဆိုရင် မြေကိုအခြားနည်းလမ်း ထုတ်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့တိုင်းဒေသကြီးဘက်က စိစစ်ဆောင်ရွက်သွားမယ်ဆိုတာ ဒီနေရာမှာ အတိအလင်းပြောချင်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များထဲတွင် အလားအလာအကောင်းဆုံးမှာ ရေထွက်ကုန်ပစ္စည်းဖြစ်ကြောင်း ငါးကဏ္ဍနှင့် သကြားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားထားသည်။ အဆိုပါအစည်းအဝေးတွင် ဒုတိယသမ္မတက ပြည်ပပို့ကုန်အမည်များတွင် အလားအလာအကောင်းဆုံးနှင့် ဈေးကွက်သတ်မှတ်ချက်အနည်းဆုံးဖြစ်သည့်ပို့ကုန်မှာ ရေထွက်ပစ္စည်းဖြစ်သော ငါးနှင့်ပုစွန်မွေးမြူ ထုတ်လုပ်သည့်လုပ်ငန်းဖြစ်ကြောင်း

ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်ငါး၊ ပုစွန်ဖမ်းဆီးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ခေတ်မီကိရိယာနှင့် အရည်အသွေး ကောင်းမွန်သည့် ထုတ်ကုန်ထုတ်လုပ်နိုင်ရန် စက်ရုံများ လိုအပ်နေကြောင်း၊ မွေးမြူရေးနည်းစနစ်များ ခေတ်မီရေးအတွက် ငွေကြေးအရင်းအနှီးရရှိရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ဈေးကောင်းရရှိရန်လိုအပ်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ငါး၊ ပုစွန်မွေးမြူသည့် ကေပေါင်းငါးသိန်းခန့်ရှိကာ လန (၃၉) ရရှိထားသည့် ကေမှာ ၁၃၀၀၀ ခန့်သာရှိနေသည်။ ရန်ကုန်မြို့တွင် ငါး၊ ပုစွန် မွေးမြူသည့် ကေပေါင်း တစ်သိန်းအောက်တွင်ရှိနေပြီး ယခင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ရေထွက်ကုန်များ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၂၈ ဒသမ၂၅၇ သန်းရရှိခဲ့ကြောင်း မြန်မာ နိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ အာဆီယံနိုင်ငံများတွင်ပြည်ပသို့ ရေထွက်ကုန်တင်ပို့နိုင်မှုအများဆုံးမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး ဒုတိယ အများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ကြောင်းနှင့် တတိယတင်ပို့မှုအများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှာ စတုတ္ထနေရာတွင် ရှိနေသည်။

**Source:** https://news-eleven.com/article/161120

## မွန်ပြည်နယ် နေလှန်းဆားထုတ်လုပ်မှုကာလနှစ်လကျန်ချိန်တွင် ဆားကြမ်းဈေးကျမှုကြောင့် ထုတ်လုပ်မှုစရိတ်အောက်ရောက်ရှိပါက ဆားလုပ်ငန်းကိုစွန့်ခွာမှုများဖြစ်ပေါ်နိုင်သည်ဟုဆို



မွန်ပြည်နယ် နေလှန်းဆားထုတ်လုပ်မှု ကာလ နှစ်လခန့်သာ ကျန်သည့်အချိန်တွင် ဆားကြမ်းတစ်ပိဿာကျပ် ၈၀ ဝန်းကျင်ဖြစ်ပေါ်မှုသည် ယခင်နှစ်ကာလတူထက် ထက်ဝက်ကျော်ကျဆင်းနေရာ ထုတ်လုပ်မှုစရိတ်အောက်ရောက်ပါက ယခင်ရေးမြို့နယ် ဆားတောင်သူများကဲ့သို့ လုပ်ငန်းစွန့်ခွာမှုများဖြစ်ပေါ်လာနိုင်ကြောင်း မွန်ပြည်နယ်တွင် ဆားလုပ်ငန်းလုပ်ကိုင်မှုအများဆုံးဖြစ်သည့် သံဖြူဇရပ်မြို့နယ်မှ ဆားတောင်သူများက ဆိုသည်။

"သံဖြူဇရပ်မြို့နယ် ပငဆားကွင်းတွေမှာ အခုဆားကြမ်းတစ်ပိဿာဈေးကကျပ် ၈၀ ဝန်းကျင်ပဲ ရနေတယ်။ မနှစ်က ဒီအချိန်မှာ ကျပ် ၁၈၀ လောက်ရနေတာ၊ ထက်ဝက်ကျော် ဈေးပာသွားတယ်။ ဆားအလုပ်လုပ်ချိန်က မတ်၊ ဧပြီလောက်ပဲ ကျန်တယ်။ သင်္ကြန်ဖျက် မိုးတွေနဲ့ဆိုရင် လုပ်ရက်ဒီထက်နည်းသွားနိုင်တာပေါ့။ မိုးက မေလလယ်လောက်ဆို နှစ်လခွဲလောက် ဆားကျုံးနိုင်တာပေါ့။ ဈေးကျတာက ရေဝတီဆားလက်ကျန်ရှိနေပြီး မွန်မှာကလည်း လုပ်ကေတိုးလာတယ်၊ ဒီအချိန်မှာအလုပ်သမားခ ငွေရှင်းရတယ်၊ ငွေကလိုတဲ့အချိန်ကုန်သည်တွေ ဈေးကွက်ဖြစ်သွားတာပေါ့။ ဒါမျိုး အရင်ကဖြစ်ဖူးတယ်။ နေဆက်ပူ ဆားကအထွက်ပိုမယ်ဆိုရင် ပေါက်ဈေးကထုတ်လုပ်မှုစရိတ်အောက်ရောက်သွားနိုင်တယ်။အဲဒီခါ တောင်သူတွေတွက်ခြေမကိုက်တော့ ဆားလုပ်ငန်းကို စွန့်သွားတာမျိုးရှိဖူးပါတယ်။ ရေးမြို့နယ်က ပလိုင်ကီးဆားကွင်းတွေပေါ့"ဟု ဆားတောင်သူဦးဘရှိန် (ပငဆားကွင်းလုပ်ကိုင်သူ)က ပြောကြားသည်။

နေလှန်းဆားလုပ်ငန်းသည် မိုးကျလုပ်ငန်းသိမ်းချိန်မှစ၍ ဆားဈေးတဖြည်းဖြည်းမြင့်တက်လေ့ရှိရာ နှစ် ၃၀ ကျော်ဆားထုတ်လုပ်ခဲ့သည့်လယ်မြေကို အခြားနည်းသုံးစွဲခွင့်အတွက် လုပ်ငန်းစဉ်များအရ လုပ်ဆောင်နေဆဲဖြစ်ရာ ဘဏ်၊ ဌာနများတွက် အာမခံမပေးနိုင်သည့်အတွက် ချေးငွေထုတ်မချေးနိုင်ခြင်းသည် ကိုလိုနီခေတ်ကလုပ်ကိုင်ခဲ့သည့် မိရိုးဖလာဆားလုပ်ငန်းထိခိုက်နိုင်သည်ကို စာနာသောအားဖြင့် အောက်ခြေအဆင့်ထိကွင်းဆင်းကာ အမှန်တကယ်ဆားမြေပိုင်ဆိုင်မှု၊ လုပ်ကိုင်နေမှုတို့ကိုစိစစ်ပြီး ဆားတောင်သူမိသားစုလုပ်သားများ၏ အခက်အခဲကို ဖြေရှင်းသည့်အနေနှင့်ကာလတိုချေးငွေများအတွက် စဉ်းစားသင့်ကြောင်း မွန်ပြည်နယ်ဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းထိန်ကဆိုသည်။

မွန်ပြည်နယ်တွင် ယခင်နှစ်က ဆားဧက ၃၉၀၀ မှ ယခုနှစ်တွင် ဧက ၄၀၀ တိုးကာ နေလှန်းဆားဧက ၄၃၀၀ ထိရှိလာပြီး ဆားကွင်းလုပ်သားပေါင်း ၁၄၀၀ခန့်နှင့် မှီခိုမိသားစုဝင် ၄၀၀၀၊ ဆားကြမ်းကြိတ်စက် ၁၆ စက်၊ ကြိတ်စက်လုပ်သား ၁၆၀၊ မှီခိုသူမိသားစုများ၊ ဆက်စပ်သယ်ယူပို့ဆောင်ရေး ယာဉ်လုပ်သားများ၊ လက်လီအရောင်းဈေးကွက်လုပ်ကိုင်သူများမှီခိုနေရသည့် လုပ်ငန်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/161100

## ထားဝယ်အထူးစီးပွားရေးဇုန်ဖော်ဆောင်ရေး သုံးနိုင်ငံအလွတ်သဘောဆွေးနွေး

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံအလွတ်သဘောဆွေးနွေးခဲ့ကြောင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်သည်။ ကနဦးစီမံကိန်းအတွက် မြန်မာ-ထိုင်းပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးလည်းဆောင်ရွက်ခဲ့သည်ဟု ကော်မတီကသတင်းထုတ်ပြန်သည်။ ထိုင်းနိုင်ငံမှချေးငွေဖြင့်ဆောင်ရွက်မည့် ထိုင်းနယ်စပ်မှ ထားဝယ်အထူးစီးပွားရေးဇုန်သွားသည့် နှစ်လမ်းသွားလမ်း ချေးငွေစာချုပ်နိုင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း လျှပ်စစ်ဓာတ်အားလုပ်ငန်းများ ဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်ဟုထုတ်ပြန်သည်။

ထားဝယ်အထူးစီးပွားရေး ဇုန်ဖော်ဆောင်ရန် ထိုင်းအခြေစိုက် ဂျပန်ကုမ္ပဏီကိုးခုမှ စီးပွားရေးလုပ်ငန်းရှင်များ ယခုလအတွင်း လာရောက်လေ့လာခဲ့သည်။ ထိုလုပ်ငန်းရှင်များကို ဘန်ကောက်-ဂျပန် ကုန်သွယ်ရေးလုပ်ငန်းရှင်များအသင်းက ဦးဆောင်ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ပါဝင်သည်။ ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့်အကောင်အထည်ဖော်ရန် ထိုင်းကုမ္ပဏီ အီတာလျံ-ထိုင်းကို လုပ်ကိုင်ခွင့်ပေးထားသည်။ လက်ရှိတွင် မြေငှားစာချုပ်ကို ထိုင်းကုမ္ပဏီထံပို့ဆောင်ထားပြီး ၂၀၂၀ မတ်လ၌ ကုမ္ပဏီဘက်က နောက်ဆုံးအကြောင်းပြန်ရမည်ဖြစ်ကာ မပြုလုပ်ပါက လုပ်ကိုင်ခွင့်ဆုံးရှုံးမည်ဟုဆိုသည်။

ထိုင်းကုမ္ပဏီကို လုပ်ကိုင်ခွင့်ပေးထားသော်လည်း ၂၇ စတုရန်းကီလိုမီတာ (ဧက ၆,၆၀၀ ကျော်)ကို တိုက်ရိုက်ဆောင်ရွက်ခွင့်ရမည်မဟုတ်ဘဲ အဆင့်လေးဆင့်ခွဲ၍ ဆောင်ရွက်ရမည်ဟုဆိုသည်။ ထိုင်းကုမ္ပဏီသည် ပထမအဆင့် ၇ စတုရန်းကီလိုမီတာ (ဧက ၁,၇၀၀ ကျော်) လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး ငွေကြေး၊ စီးပွားရေးစီမံချက်နှင့်အချိန်သတ်မှတ်ချက်တို့တင်ပြရမည်ဟု ကော်မတီကဆိုသည်။

**Source:** https://7day.news/detail?id=179697

## မူဆယ်ကုန်သွယ်ရေးဂိတ်ပြန်ဖွင့်

ကိုရိုနာဗိုင်းရပ်စ် Covid 19 တရုတ်ပြည်တွင်းပျံ့နှံ့နေတာကို တားဆီးနိုင်ဖို့ ယူနန်ပြည်နယ်၊ ရွှေလီမြို့အာဏာပိုင်တွေက တလလောက်ပိတ်ထားခဲ့တဲ့ မြန်မာ-တရုတ်နှစ်နိုင်ငံကြား မူဆယ်ကုန်သွယ်ရေးဂိတ်တွေကို ဖေဖော်ဝါရီ ၂၃ ရက်က ပြန်ဖွင့်ပေးလိုက်ပြီဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြန်မာကုန်သည်တွေဘက်က အခြေအနေ စောင့်ကြည့်နေတာကြောင့် ကုန်သွယ်မှုက ပုံမှန်အခြေအနေတော့ ရာနှုန်းပြည့် ပြန်မရောက်သေးပါဘူး။ ဒီနေ့မူဆယ်အခြေအနေကို ကုန်သည်တချို့ကိုမေးမြန်းပြီး ဗွီအိုအေ မြန်မာပိုင်း သတင်းထောက် ကိုဇော်ထက်က ပေးပို့ထားပါတယ်။

အခုလို ရွှေလီမြို့တွင်း အသွားအလာတားဆီးပိတ်ပင်တာတွေ ဖြေလျှော့လိုက်တာဟာ တရုတ်အစိုးရက ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ဖို့ လမ်းနဲ့အများပိုင်နေရာတွေကိုခေတ္တပိတ်ကြောင်း ဇန်နဝါရီ ၂၆ ရက် ကြေညာချက်ထုတ်ပြီးနောက်ပိုင်း ပထမဆုံး ပြန်ခွင့်ပြုလိုက်တာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ပုံမှန်အခြေအနေအထိတော့ မရောက်သေးဘူးလို့ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သည်တွေက ခန့်မှန်းပါတယ်။

“တချို့ နေရာတော်တော်များများကတော့ လမ်းတွေ၊ ရောင်းဝယ်မှုတွေပြန်ဖွင့်ပေးတယ်ဗျ။ ဒီရောဂါမဖြစ်ခင် အနေအထားနဲ့တွက်ရင်တော့ ၆၀ ရာခိုင်နှုန်းလောက် အရောင်းအဝယ်ပြန်ဖြစ်လာပြီးပေ့ါ။ အနည်းအကျဉ်းတော့လာနေကြပါပြီ၊ ဟိုလို အင်တိုက်အားတိုက်နဲ့တော့ သိပ်မသွားကြသေးဘူး။” မူဆယ်နယ်စပ်စခန်းက သစ်သီးဝလံကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ

ဦးအောင်သက်ဦးပြောသွားတာဖြစ်ပါတယ်။ အခုလိုပြန်ဖွင့်ပေးလိုက်ပေမဲ့လည်း နှစ်ဘက်အစိုးရ ပြည်သူ့ကျန်းမာရေး တာဝန်ရှိသူတွေကတော့ တရားဝင်နယ်စပ်ဂိတ်ကနေ ဝင်ထွက်သွားလာသူတွေကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ရှိ၊ မရှိ စစ်ဆေး၊ မှတ်တမ်းယူတာတွေလုပ်နေဆဲဖြစ်ပါတယ်။ မူဆယ်နမ့်ခမ်းကုန်သည် အသင်းဝင်ဖြစ်သလို၊ မူဆယ်ဆန်ကုန်သည်များအသင်းရဲ့ ဒုဥက္ကဋ္ဌလည်းဖြစ်တဲ့ ဦးမင်းသိန်းက လက်ရှိအခြေအနေကို အခုလိုပြောပြပါတယ်။ "အတော်အသင့်ပြန်ဖွင့်တယ်၊ ပြန်ဖွင့်ပြီး နည်းနည်းလှုပ်ရှားတယ်။ ဗမာပြည်က အလုပ်သမားတွေလည်း အခုရွှေလီကို စပြီးဝင်နေပြီ အလုပ်လုပ်ဖို့အတွက်။ အရင်ထိန်းချုပ်ထားတာတွေ နည်းနည်းလျော့ပေးလိုက်တယ်။ လမ်းတွေပိတ်ထားတာတို့၊ ရပ်ကွက်တခုနဲ့တခု မကူးရတာတို့။ ဒါပေမဲ့ အဝင်အထွက်တွေမှာ အဖျားတိုင်းတယ်၊ ကိုယ်ရေးရာဇဝင်တွေဖြည့်ရတယ်။" ဒီနေ့ ဖေဖော်ဝါရီ ၂၄ ရက်မှာ မြန်မာဘက်က ဆန်နဲ့ ဆန်ကွဲကား အစီးရေ ၄၀၊ သခွားမွှေးအစီး ၁၂၀၊ ဖရဲ အစီး ၁၃၀ နဲ့ ပဲတီစိမ်းတွေ တရုတ်ပြည်ဘက် တင်ပို့ခဲ့ပါတယ်။ သကြားကားတွေကတော့ မှောင်ခိုလမ်းကနေ ၁၅စီးလောက် ထွက်ပါတယ်။ ရေထွက်ကုန်ကတော့ တရုတ်ပြည်တွင်း အခြေအနေတွေ ပုံမှန်ပြန်ဖြစ်လာမှ တင်ပို့ဖို့ ကုန်သည်တွေက ဆန္ဒရှိပါတယ်။

တရုတ်ဘက်ကတော့ အိမ်ဆောက်ပစ္စည်း၊ စားသောက်ကုန်နဲ့ ဆေးဝါးတွေ ဒီနေ့ ပြန်ဝင်လာပါတယ်။ ရေထွက်ကုန်ကတော့ တရုတ်ပြည်တွင်း အခြေအနေကို စောင့်ကြည့်ရဦးမယ်လို့ ကုန်သည်တွေကပြောပါတယ်။ တရုတ်ပြည်မှာ ကိုရိုနာဗိုင်းရပ်ကူးစက်ပျံ့နှံ့နေတဲ့အခြေနေတွေကြောင့် ဆန်နဲ့ရေထွက်ကုန်အပါအဝင် ရာသီပေါ်သီးနှံတွေ ခူးဆွတ်၊ တင်ပို့တာ အရဲစွန့်မလုပ်ကြဖို့ မူဆယ်ကုန်စည်ဒိုင်တွေက ဇန်နဝါရီ ၂၆ ရက်မှာ အသီးသီးသတင်းထုတ်ပြန်သတိပေးခဲ့ကြသလို ဖရဲစိုက်ခင်းဧက ၁၀၀၀ လောက် ခူးဆွတ်ချိန်ကြာမြင့်ခဲ့လို့ပျက်စီးမှုရှိခဲ့ကြောင်း စစ်ကိုင်းတိုင်း ဖရဲသခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်က ပြောပါတယ်။

၂၀၁၈-၂၀၁၉ မှာ နယ်စပ်ဂိတ်တွေကနေ လယ်ယာထွက်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၃၂၀၀ ကျော် ( ၃၂၆၁. ၅၉၁) တင်ပို့နိုင်ခဲ့ပါတယ်။ နယ်စပ် ကုန်သွယ်ရေးကရတဲ့ ရေထွက်ကုန်ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ( ၇၃၂.၁၅၆) ရှိပါတယ်။ မူဆယ်နယ်စပ်ကုန်သွယ်မှုပမာဏဟာ အခြားကုန်သွယ်ရေးစခန်းတွေနဲ့ယှဉ်ရင် အများဆုံးဖြစ်ပြီး မြန်မာကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ တရားဝင်ကိန်းဂဏန်းအရ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ( ပို့ကုန် ၃၁၅၆. ၄၁၉ + သွင်းကုန် ၁၇၆၁.၅၅၇) နီးပါးရှိပါတယ်။

Source: https://7day.news/detail?id=179697

https://burmese.voanews.com, http://www.thithtoolwin.com/2020/02/blog-post_599.html

## COVID – 19 ကြောင့် တုံ့ဆိုင်းခဲ့သောမြန်မာ-တရုတ်ကုန်သွယ်ရေး ပုံမှန်အခြေအနေ၏ ထက်ဝက်ခန့် ပြန်လည်ရောက်

COVID – 19 ကြောင့် တစ်လခန့် တုံ့ဆိုင်းခဲ့သော မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ဖေဖော်ဝါရီ ၂၀ ရက် နောက်ပိုင်းက စတင်ပြီးတစ်ရက်လျှင် အမေရိကန်ဒေါ်လာငါးသန်းခန့် ကုန်သွယ်မှုပြန်လည်လုပ်ကိုင်လာနိုင်ကြောင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ညွှန်ကြားရေးမှူး ဦးနန္ဒကပြောသည်။ မြန်မာ-တရုတ်နယ်စပ်ကုန် သွယ်ရေးလမ်းကြောင်း လေးခုတွင် ကုန်သွယ်မှု ၈၀ ရာခိုင်နှုန်းကျော်ပြုလုပ်နေသော မူဆယ်-ရွှေလီ ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်သွယ်မှုတန်ဖိုးသည် ပုံမှန်အခြေအနေ၏ထက်ဝက်ခန့်သို့ ပြန်လည်ရောက်ရှိလာပြီဟု ၎င်းကဆိုသည်။ "ကျန်းမာရေးစစ်ဆေးမှုက တော့ နှစ်ဖက်နယ်စပ်ဂိတ်တွေမှာတော့ တင်းကျပ်ထားတုန်းပါ" ဟု ဦးနန္ဒကပြောသည်။

တရုတ်နှစ်သစ်ကူးပိတ်ရက်နှင့် COVID – 19 ကြောင့်မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် သုံးပတ်အတွင်းကုန်သွယ်မှုတန်ဖိုးကန်ဒေါ်လာသန်း ၂၀၀ ကျော်လျော့နည်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ဖေဖော်ဝါရီ ၂၂ ရက်တွင်ပြောကြားထားသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် လွယ်ဂျယ်တို့မှ ပို့ကုန်ဒေါ်လာသန်း ၁၅၀နှင့် သွင်းကုန်ဒေါ်လာ သန်း ၅၀ ကျော်လျော့နည်းခြင်းဖြစ်သည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးသည် ပုံမှန်အခြေအနေတွင် တစ်ရက်လျှင်ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁၀ သန်းခန့်ရှိကြောင်း ဦးနန္ဒက ပြောသည်။ အဆိုပါကုန်သွယ်မှုတန်ဖိုးတွင် သဘာဝဓာတ်ငွေ့ တရုတ်နိုင်ငံသို့ ရောင်းချမှုတန်ဖိုးမပါဝင်ပေ။ သဘာဝဓာတ်ငွေ့တင်ပို့

ရောင်းချမှုပါဝင်လျှင် ကုန်သွယ်မှုတန်ဖိုး တစ်ရက်လျှင် ဒေါ်လာ ၁၅ သန်းကျော်ရှိနေသည်။

လက်ရှိတွင် မူဆယ်နယ်စပ်သို့ မြန်မာနိုင်ငံမှ ဖရဲ၊ သခွားယာဉ် အစီးရေ ၂၀၀ ခန့်ဝင်လာပြီးအ ခြားသော ဆန်၊ ပြောင်းဖူးစေ့၊ ပဲ မျိုးစုံအပါအဝင် ကုန်စည်အချို့ လည်းဝင်လာကြောင်း မူဆယ်မြို့ မှ ကုန်သည်အချို့ကပြောသည်။ တရုတ်နိုင်ငံမှ ဓာတ်မြေသြဇာအပါအဝင် စိုက်ပျိုးရေးသုံး ပစ္စည်းများ၊ အထည်အလိပ်အ ချို့နှင့် လူသုံးကုန်များပြန်လည် ဝင်ရောက်လာကြောင်း ၎င်းတို့က ပြောသည်။ တရုတ်နိုင်ငံမှ သွင်းကုန်အများစုသည် စိုက်ပျိုးရေးသုံးဓာတ်မြေသြဇာများဖြစ်သည်။

လက်ရှိပြည်တွင်းမှ မူဆယ်သို့ တစ်ရက်လျှင်ကုန်တင်ယာဉ် အစီးရေ ၃၀၀ မှ ၃၅၀ အကြားဝင်လာပြီး မူဆယ်မြို့မှ ပြည်တွင်းသို့ အစီးရေက ၂၅၀ ခန့်ရှိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်း မူဆယ်ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကဆိုသည်။ ယခုကဲ့သို့ပွင့်လင်းရာသီ၌ ကုန်သွယ်ရေးပုံမှန်ရှိနေချိန်တွင် မူဆယ်သို့ ကုန်တင်ယာဉ်အတက်အဆင်းအစီးရေ ၈၀၀ မှ ၁,၀၀၀ အကြားရှိကြောင်း ၎င်းကပြောသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပြန်လည်အားယူလာချိန်တွင် မူဆယ်မှမန္တလေးသို့ ကုန်စည်ပို့ဆောင်ခသည် တစ်တန်လျှင် ကျပ်လေးသောင်းခွဲခန့်ဈေးဖွင့်ပြီး မန္တလေးမှမူဆယ်သို့ ကျပ်သုံးသောင်းခွဲခန့် ဈေးဖွင့်သည်။

**Source:** https://7day.news/detail?id=179696

## မြန်မာ့အစေ့ထုတ်ပြောင်း ထိုင်းနိုင်ငံကိုတင်ပို့လျက်ရှိ

မြန်မာ့အစေ့ထုတ်ပြောင်းကို တစ်နေ့လျှင် ထိုင်းနိုင်ငံကို ကားအစီး (၄၀၀) တင်ပို့လျက်ရှိနေတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှသိရပါတယ်။ အခုလက်ရှိမှာ မြန်မာ့အစေ့ထုတ်ပြောင်းကို ပုံမှန်တင်ပို့နေတာဖြစ်ပြီး ကားအစီး (၄၀၀) ဝန်းကျင် တင်ပို့နေတာဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောပါတယ်။ အစေ့ထုတ်ပြောင်းကို အခု ဒီလဆန်းကနေစပြီးတင်ပို့နေတာပါ။ တစ်နေ့ကိုအစီး (၄၀၀) လောက်တော့သွားနေပါတယ်။ တန်ချိန်(၁)သန်းလောက်တော့ တင်ပို့မယ်လို့မျှော်မှန်းထားပါတယ်။

မြန်မာ့အစေ့ထုတ်ပြောင်းကို ဖေဖော်ဝါရီ(၁)ရက်နေ့မှ စတင်တင်ပို့နေတာဖြစ်ပြီး အခုလက်ရှိအချိန်ထိ ကားအစီးရေ (၉၆၀၀) တင်ပို့ပြီးပြီဖြစ်ကြောင်းလည်း အဆိုပါအသင်းမှသိရပါတယ်။ ထိုင်းနိုင်ငံမှ မြန်မာ့အစေ့ထုတ်ပြောင်းကို ၁.၂၅ တန် ဝယ်ယူရန် ကမ်းလှမ်းခဲ့တာဖြစ်ကြောင်းလည်းသိရပါတယ်။ မြန်မာ့အစေ့ထုတ်ပြောင်းကို ထိုင်းနိုင်ငံနဲ့တရုတ်နိုင်ငံကို တင်ပို့နေတာဖြစ်ကြောင်းလည်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/maize_export_to_Thai

## ဖေဖော်ဝါရီမှာ တရုတ်နိုင်ငံရဲ့ ကားအရောင်း ၉၂ ရာခိုင်နှုန်းကျဆင်း

ကိုရိုနာဗိုင်းရပ်စ်ကြောင့် စက်ရုံတွေပိတ်ထားခဲ့ရတာကြောင့် ဖေဖော်ဝါရီလမှာ တရုတ်နိုင်ငံရဲ့ ကားအရောင်း ၉၂ ရာခိုင်နှုန်းကျဆင်းခဲ့တယ်လို့ ကားရောင်းဝယ်ရေးအဖွဲ့ရဲ့ အဆိုအရသိရပါတယ်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကိုကာကွယ်ဖို့ ဝယ်ယူသူတွေ မလာရောက်ကြတာကြောင့် တရုတ်နိုင်ငံမှာ ကားကုမ္ပဏီတွေလည်း ပိတ်ထားဆဲဖြစ်ပါတယ်။ ဖေဖော်ဝါရီပထမပတ်မှာ နိုင်ငံတစ်ဝန်းကားအရောင်းအဝယ် ၉၆ ရာခိုင်နှုန်းထိုးကျကာ ပျမ်းမျှအနေနဲ့ နေ့စဉ် ၈၁၁ စီးသာ ရောင်းချရပါတယ်။ “ကားရှိုးရွမ်းအများစုပြန်ဖွင့်ခဲ့ရင်တော့ အရောင်းပြန်တက်လာဖို့မျှော်လင့်တယ်”လို့ တရုတ်ခရီးသည်ကားအသင်း (CPCA) က ပြောခဲ့ပါတယ်။ “လူအများစုက အိမ်ထဲမှာပဲနေကြတာကြောင့် ကားဝယ်ယူသူ တစ်ယောက်တလေပဲရှိတယ်”လို့ (CPCA) အတွင်းရေးမှူး ချုပ် Cui Dongshu က ပြောပါတယ်။

ယခုလမှာ လုပ်ငန်းတွေဖြည်းဖြည်းချင်း ပြန်စလာပြီဖြစ်တာကြောင့် ဖေဖော်ဝါရီလကုန်ပိုင်းမှာတော့ ကားအရောင်း တက်လာဖို့ ကားရောင်းဝယ်ရေးအသင်းတွေက မျှော်လင့်နေပါတယ်။ တရုတ်နိုင်ငံရဲ့ ကားထုတ်လုပ်သူ Geely က ဝယ်ယူသူတွေနဲ့ထိတွေ့ခြင်းမရှိဘဲ ၎င်းတို့ရဲ့ကားတွေကိုအွန်လိုင်းက ဝယ်ယူနိုင်ပြီး အိမ်ရှေ့အထိအရောက်ပို့ပေးမယ့် ဆားဗစ်ကို စတင်လုပ်ဆောင်နေပါတယ်။ တရုတ်နိုင်ငံက ကမ္ဘာ့အကြီးဆုံးကားဈေးကွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ကား အစီးရေ ၂၁ သန်းကျော်ရောင်းချခဲ့ရပါ တယ်။ အမေရိကန်နိုင်ငံကတော့ ကမ္ဘာ့ဒုတိယအကြီးဆုံး ကားဈေးကွက်ဖြစ်ပါတယ်။

ကားကုမ္ပဏီအများစုက ယခုအပတ်အတွင်း တရုတ်နိုင်ငံမှာ လုပ်ငန်းပြန်လည်ပတ်ဖို့ မျှော်လင့်ထားပါတယ်။ ဒါပေမဲ့လည်း နေရာတချို့မှာပြန်ဖွင့်နေပြီဖြစ်တဲ့လုပ်ငန်းတွေက အပြည့်အဝပြန်လည်ပတ်နိုင်ဖို့ အချိန်ကြာဦးမှာဖြစ်တယ်လို့ သတိပေးပြောဆိုထားပါတယ်။ တရုတ်နိုင်ငံမှာ ကားကုမ္ပဏီတွေပဲအခက်အခဲ ကြုံတွေ့ရတာတော့မဟုတ်ပါဘူး။ ကမ္ဘာတစ်ဝန်း အိုင်ဖုန်းထုတ်လုပ်မှု ပြတ်လပ်တာတွေအတွက် အက်ပဲလ်ရဲ့သတိပေးပြောဆိုမှုတွေနဲ့အတူ ကမ္ဘာ့ထုတ်လုပ်သူတွေလည်း ပဲထုတ်လုပ်မှု နှောင့်နှေးတာတွေနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။

**Source: BBC, Feb 21, 2020**

https://www.kumudranews.com/news-37287?fbclid=IwAR1QcwtQJHR9HmjDfiHP692FW6jf0oO3Kr3M2Ovyud TTZfYHMwMWZW09I3g

## ကမ္ဘာ့ရွှေ ဈေးဆင်း မြန်မာ့ရွှေလည်းပြန်ဆင်း

ဖေဖော်ဝါရီ ၂၄ ရက်နေ့က တစ်ကျပ်သား ၁၂၅၆၀၀၀ ဈေးနဲ့ဖွင့်ခဲ့တဲ့ မြန်မာ့ရွှေဈေးဟာ ညနေပိုင်းမှာ ၁၂၆၀၀၀၀ အထက်ဈေးနဲ့ပိတ်ခဲ့ပေမယ့် ယနေ့ ဖေဖော်ဝါရီ ၂၅ ရက်မှာတော့ ကမ္ဘာ့ရွှေဈေးကျလာတာကြောင့် ပြန်ကျလာပြီး ၁၂၅၂၀၀၀ ဈေးနဲ့စဖွင့်လာပါတယ်။ ကမ္ဘာ့ရွှေဈေးလည်း ၁၆၅၆ ဒေါ်လာကိုပြန်ဆင်းလာပါတယ်။

ဖေဖော်ဝါရီ ၂၅ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၅၂၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၅၁၀၀၀ ဖြစ်ပါတယ်။ဖေဖော်ဝါရီ ၂၄ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၅၆၀၀၀ ၊ မန္တလေးဈေးကလည်း တစ်ကျပ်သားကို ကျပ်၁၂၅၆၀၀၀ ဖြစ်ပါတယ် ။ဖေဖော်ဝါရီ ၂၃ရက် မြန်မာ့ရွှေအဖွင့်ဈေးက အောင်သမာဓိ ရန်ကုန်ဈေး တစ်ကျပ်သားကို ကျပ်၁၂၄၈၀၀၀ ဖြစ်ပါတယ်။

ကမ္ဘာ့ရွှေဈေးကတော့ ဖေဖော်ဝါရီ ၂၅ ရက် တစ်အောင်စကို ၁၆၅၆ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၄ ရက် တစ်အောင်စကို ၁၆၆၁ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၃ ရက် တစ်အောင်စကို ၁၆၄၄ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၂ ရက် တစ်အောင်စကို ၁၆၄၂ ဒေါ်လာဖြစ်ပါတယ် ။ ဖေဖော်ဝါရီ ၂၁ရက် တစ်အောင်စကို ၁၆၂၆ ဒေါ်လာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၀ ရက်က တစ်အောင်စကို ၁၆၀၉ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၉ရက်က တစ်အောင်စကို ၁၆၀၂ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၈ရက် တစ်အောင်စကို ၁၅၈၇ ဒေါ်လာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-

## ထိုင်းနိုင်ငံမှ ကုန်တင်ယာဉ်များ သီလဝါဆိပ်ကမ်းသို့ ပထမဆုံးအကြိမ် တိုက်ရိုက်ကုန်သွယ်မှုစတင်ခဲ့

ထိုင်းနိုင်ငံမှ ၂၂ ဘီးနောက်တွဲပါ ကုန်တင်ယာဉ်နှစ်စီးသည် ဖေဖော်ဝါရီ ၇ ရက်က အမှတ် (၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်၍ မြဝတီကုန်သွယ်ရေးဇုန်တွင် အကောက်ခွန်လုပ်ငန်းများဆောင်ရွက်ကာ မြဝတီ-ကော့ကရိတ်လမ်းကြောင်းအတိုင်း မောင်းနှင်ပြီးရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ကုန်သွယ်မှုစတင်ခဲ့ကြောင်း သိရပါတယ်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာမဲခေါင်ခြောက်နိုင်ငံက အတည်ပြုထားသည့် Cross-broder Transport Agreement သဘောတူညီချက် တစ်စိတ် တစ်ပိုင်းဖြစ်သော မဟာမဲခေါင်ဒေသခွဲ၏ ထောက်ပံ့ခြင်း (logistics) တိုးတက်ရေးကို အထောက်အကူပြုမည့် IICBTA( Initial Implementation of a Crossbroder Transport Agreement) MOU သဘောတူညီချက်အရ မြန်မာနိုင်ငံဘက်တွင် ရန်ကုန်မြို့၊ သီလဝါ (SEZ)ထိလည်းကောင်း၊ ထိုင်းနိုင်ငံဘက်တွင် ဘန်ကောက်၊ လန်ချဘန်ထိလည်းကောင်း၊ နှစ်နိုင်ငံကုန်တင်ယာဉ်များ အပြန်အလှန်တိုက်ရိုက်ဝင်/ထွက်ကြမည်ဖြစ်ပြီး IICBTA ခွင့်ပြုလမ်းကြောင်းများမှာ မြန်မာနိုင်ငံ အနေဖြင့် လမ်းကြောင်း(၁)အဖြစ် မြဝတီ - ကော့ကရိတ် - ဇာသပြင် - မော်လမြိုင်ထိလည်းကောင်း၊ လမ်းကြောင်း(၂)အဖြစ် မြဝတီ - ကော့ကရိတ် - ဘားအံ - သထုံ - ကျိုက်ထို - သိမ်ဇရပ် - ဝေါ - ဘုရားကြီး - ပဲခူး - ရန်ကုန် - သီလဝါ(SEZ)ထိလည်းကောင်း၊ ထိုင်းနိုင်ငံဘက်မှ လမ်းကြောင်း(၁)အဖြစ် Maesot- Phitsanulok-Khon-Kaen-Kalasin-Mukdahan ထိ လည်းကောင်း၊ လမ်းကြောင်း (၂)အဖြစ် Maesot-Nakhon Sawan-Ayattaya-Bangkok-Lean Chabangx ထိ လည်းကောင်း ဝင်/ထွက်သွားလာခွင့်ပြုသည့် ယာဉ်လမ်းကြောင်းများ သတ်မှတ်ခဲ့ကြပြီးနောက် ယခုကဲ့သို့

ထိုင်းကုန်တင်ယာဉ်များမှ မြန်မာနိုင်ငံသို့ ပထမဆုံး အကြိမ်အဖြစ် တိုက်ရိုက်ကုန်သွယ်မှု စတင်ဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံ မဲဆောက် နယ်စပ်ဂိတ်နှင့် မြန်မာနိုင်ငံ မြဝတီနယ်စပ်ဂိတ်မှ ဝင်/ထွက်မည့် ကုန်တင်မော်တော်ယာဉ်များအနေဖြင့် မြန်မာဘက်ခြမ်းတွင် ကုန်သွယ်ရေးဇုန်မှ ဝင်/ထွက် ရန်ဖြစ်ပြီး IICBTA အရ မြန်မာနိုင်ငံအတွင်းသို့ တိုက်ရိုက် ဝင်ရောက်မည့် ကုန်တင်ယာဉ်များသည် ကုန်ပစ္စည်းစစ်ဆေးရေး စခန်းဖြစ်သည့် မြဝတီကုန်သွယ်ရေးဇုန်အတွင်းရှိ ကောက်ခွန်ဦးစီးဌာနမှ ချိတ်စည်းတပ်ဆင်၍ အကောက်ခွန်ဦးစီးဌာန၏ Vehicle Cargo Checking System(VCCS) စနစ်တွင် မှတ်တမ်းတင် ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်ရေးဦးစီးဌာနမှလည်း ၎င်းယာဉ်များကို ကတ္တားချိန်ခြင်း၊ ယာဉ်အဝင်အထွက်စာရင်း ပြုလုပ်ခြင်းတို့အား ဆောင်ရွက်မည်ဖြစ်ကာ ၎င်းယာဉ်များကို ကုန်သွယ်ရေးဇုန်အတွင်းမှ သီးသန့်လမ်းကြောင်းဖြင့် ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရပါတယ်။

**Source:** https://www.logisticsguide.com.mm/en/industry-news/transportation/224618-cargo-ships-from-thailand-to-thilawa-port-for-the-first-time.html?fbclid=IwAR3dI-CZaNnGC8O_HdCPWUkMaf2M17IzaxZP84RmPIxuhGK-E5k0qFjl7aQ

## ဟောင်ကောင် ဘဏ္ဍာရေးဝန်ကြီးမှ ဟောင်ကောင်ဒေသ၌ အခြေချနေထိုင်သူများအတွက် ထောက်ပံ့ငွေများပေးရန် မျှော်လင့်ကြောင်း ဘဏ္ဍာရေးစီမံချက် မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခြင်း

ဟောင်ကောင်ဘဏ္ဍာရေးဝန်ကြီး Mr. Paul Chan သည် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်များအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ငွေကြေးများအား ထိထိရောက်ရောက်အသုံးပြုနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသ၌ အခြေချနေထိုင်သူ တစ်ဦးချင်းစီအတွက် ဟောင်ကောင်ဒေါ်လာ ၁၀,၀၀၀ စီ ထောက်ပံ့ပေးရန် မျှော်လင့်ကြောင်း ၂၆-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ်မြောက် ဘဏ္ဍာရေးစီမံချက်ရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း၊ တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲ၊ လပေါင်းများစွာ ကာလကြာရှည် အစိုးရဆန့်ကျင်ဆန္ဒပြမှုများနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုများကြောင့် (၁၅) နှစ်အတွင်း ဘဏ္ဍာရေးလိုငွေပြမှုပမာဏအား ထုတ်ဖော်ပြသနိုင်ရန် မျှော်လင့်ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တရားခံလွှဲပြောင်းဥပဒေမူကြမ်းအား ဆန္ဒပြမှုများကြောင့် ဂျီဒီပီ (၁.၂) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် အင်အားသေးသော လုပ်ငန်းအုပ်စုများအတွက် သက်သာငွေပံ့ပိုးမည့်အစီအစဉ်အား ဟောင်ကောင်ဒေါ်လာ (၂၅) ဘီလီယံမှ (၃၀) ဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း၊ ဘဏ္ဍာငွေတစ်ဝက်ခန့်မှာ လက်လီအရောင်းများ၊ အစားအစာနှင့်အဖျော်ယမကာ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်သူများ၊ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ၊ ကျောင်းသားများ၊ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ဧည့်ဂေဟာများနှင့်ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များအတွက်ဖြစ်ကြောင်း ရေးသား ဖော်ပြထားပါသည်။

Source: စီးပွားရေးသံမှူး - မြန်မာသံရုံး၊ ဟောင်ကောင်

## ဆယ်ရာစုနှစ် (၁) စုအတွင်း ကုမ္ပဏီများပိတ်သိမ်းရမှုများ မြင့်တက်လာခြင်း

ဟောင်ကောင်ဒေသ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှု မစတင်မီကတည်းက တရုတ်-အမေရိကန်ကုန်သွယ်ရေး စစ်ပွဲနှင့်ဟောင်ကောင်ဒေသတွင်း အစိုးရဆန့်ကျင်ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသောကြောင့် ဟောင်ကောင်ဒေသရှိ ကုမ္ပဏီများနှင့် လုပ်ငန်းများအနေဖြင့် လုပ်ငန်းများရပ်ဆိုင်းခြင်း ဒေဝါလီခံခြင်းများနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ် SAR ရောဂါ ဖြစ်ပွားခဲ့စဉ်ကထက် ပိုမိုဆိုးရွားသည့် အခြေအနေနှင့်ရင်ဆိုင်နိုင်ရကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ဟောင်ကောင်ဒေသရှိ လုပ်ငန်းရှင်တစ်ဦးချင်းစီ ဒေဝါလီခံမှုများသည်(၉) ရာခိုင်နှုန်းနှင့်ကုမ္ပဏီများလုပ်ငန်းရပ်ဆိုင်းမှု (၁၄) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ခရီးသွားလာမှုများပိတ်ပင်ထားသဖြင့် ဟောင်ကောင်ဒေသတွင် လာရောက်ဖွင့်လှစ်ထားသော တရုတ်ပြည်မကြီးမှ ကုမ္ပဏီ (၁၂၀၀) ကျော်၏ တရုတ်ပြည်မကြီးရှိလုပ်ငန်းများအား ဟောင်ကောင်မှ စာရင်းစစ်များသွားရောက်စစ်ဆေးနိုင်ခြင်းမရှိသောကြောင့် ဟောင်ကောင်မြို့၏ ငွေကြေးဈေးကွက်အပေါ် ကြီးမားသည့် သက်ရောက်မှုရှိနေပြီး ဟောင်ကောင်စတော့ရှယ်ယာလုပ်ငန်းများလည်း နှောင့်နှေးကြန့်ကြာမည်ဖြစ်ကြောင်း၊ စာရင်းစစ်များ

စစ်ဆေးနိုင်မှု နှောင့်နှေးနေသောကြောင့် ကုမ္ပဏီတစ်ခုနှင့်တစ်ခုဝယ်ယူမှုနှင့် လုပ်ငန်းပေါင်းစပ်လုပ်ကိုင်မှုများ ရွှေ့ဆိုင်းထားရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီများ၏ငွေကြေးကဏ္ဍဆိုင်ရာ ခက်ခဲမှုများရင်ဆိုင်နိုင်ရပြီး ရင်းနှီးမြှုပ်နှံမည့်သူများ ရှာဖွေရန်လည်း ခက်ခဲမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အစားအသောက်၊ အဖျော်ယမကာကုမ္ပဏီများနှင့် လက်လီအရောင်းဆိုင်တို့သည် ၂၀၁၉ ခုနှစ်ကတည်းကစတင်၍ ဈေးငွေဈေးယူမှုအား ပြန်လည်ပြင်ဆင်ပေးရန်တောင်းဆိုမှုများရှိနေကြောင်း ရေးသားဖော်ပြထားပါသည်။

Source: စီးပွားရေးသံမှူး – မြန်မာသံရုံး၊ ဟောင်ကောင်

## STOCK EXCHANGE (25.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,500 | 12,000 | 2,229 | 26,776,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 5,344 | 21,115,350 | 38,929,150 | 155,717 |
| MCB | 00003 | 8,200 | -500 | -5.75% | 8,200 | 8,200 | 8,200 | 48 | 393,600 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +500 | +2.22% | 23,000 | 23,000 | 22,500 | 3,194 | 72,840,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |

### Market summary

As of 25th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 482.29 | -2.89 | -0.60% | 480.86 | 492.19 | 480.86 | 10,815 | 121,125,450 | 5 | 660,402 |

**Index chart**



# Market Overview

As of 1:00 pm, 25th Feb. 2020

| MYANPIX | 482.29 ▼ 2.89 |
|---|---|
| Total Volume (shares) | 10,815 |
| Total Value (MMK) | 121 mil |
| Listed Company | 5 |
| Market Cap. (MMK) | 660,402 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,000 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 500 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,900 | ▲ 0 |

TIR